# ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအပေါ် ချမှတ်ထားသည့် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များ ထုတ်ပြန်ခြင်း

၁။ COVID-19 အသက်ရှုလမ်းကြောင်းဆိုင်ရာ ကူးစက်ပြန့်ပွားမှုအား ကြိုတင်ကာကွယ်နိုင်ရန် ရှေးရှုလျက်၊ ကမ္ဘာ့နိုင်ငံအသီးသီးမှ လာရောက်သော ခရီးသည်များမှတစ်ဆင့် မြန်မာပြည်သူများအပေါ် ကျရောက်နိုင်သည့် ရောဂါအန္တရာယ်ကို ထိန်းချုပ်၊ ကန့်သတ်သွားနိုင်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကြိုတင်ကာကွယ်ရေး ထပ်တိုးအစီအမံများကို ချမှတ်လိုက်သည်။

၂။ အောက်ဖော်ပြပါ ယာယီကန့်သတ်ချက် အစီအမံများသည် မြန်မာနိုင်ငံသို့ လာရောက်မည့် ကမ္ဘာ့နိုင်ငံအားလုံးမှ ခရီးသည်များအတွက် ၂၅-၃-၂၀၂၀ ရက်နေ့၊ မြန်မာစံတော်ချိန် (၀၀၀၀) နာရီမှ စတင်၍ အသက်ဝင်မည်ဖြစ်ပါသည်-

(က) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ စတင်ရောက်ရှိချိန်မှစတင်၍ ၁၄ ရက် သီးသန့်သတ်မှတ်ထားသည့် နေရာများတွင် ထားရှိစောင့်ကြည့်မှု (Facility Quarantine) ပြုလုပ်သွားမည် ဖြစ်ပါသည်။

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားခရီးသွားများ အားလုံးအနေဖြင့် လေယာဉ်များပေါ်သို့ မတက်ရောက်မီ လွန်ခဲ့သော (၇၂) နာရီမတိုင်မီက ရရှိထားသည့် COVID-19 ရောဂါကင်းရှင်းကြောင်း ဓာတ်ခွဲခန်းဆေးစစ်ချက် အထောက်အထားပြသရန် လိုအပ်ပါသည်။ ၎င်းတို့အား မြန်မာနိုင်ငံသို့ စတင်ရောက်ရှိချိန်မှ စတင်၍ ၁၄ရက် သီးသန့်သတ်မှတ်ထားသည့် နေရာများတွင် ထားရှိစောင့်ကြည့်မှု (Facility Quarantine) ပြုလုပ်သွားမည် ဖြစ်ပါသည်။

(ဂ) မြန်မာနိုင်ငံဆိုင်ရာ သံတမန်များ၊ မြန်မာနိုင်ငံအခြေစိုက် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဝန်ထမ်းများအနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်မည့် လေယာဉ်များ ပေါ်သို့ မတက်ရောက်မီ လွန်ခဲ့သော (၇၂) နာရီ မတိုင်မီက ရရှိထားသည့် COVID-19 ရောဂါကင်းရှင်းကြောင်း ဓာတ်ခွဲခန်း ဆေးစစ်ချက်အထောက်အထား ပြသရန် လိုအပ်ပါသည်။ ၎င်းတို့အား မြန်မာနိုင်ငံသို့ စတင်ရောက်ရှိချိန်မှစတင်၍ ၎င်းတို့

နေအိမ်များတွင် ၁၄ ရက် သီးသန့်နေထိုင်စောင့်ကြည့်မှု (Home Quarantine) ပြုလုပ်သွားမည်ဖြစ်ပါသည်။

၃။ ယခုထုတ်ပြန်ချက်သည် ယခင်က ထုတ်ပြန်ကြေညာခဲ့သည့် အစီအမံများအားလုံးအပေါ် လွှမ်းမိုးလိုက်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်